# ထိုင်းနိုင်ငံအနေဖြင့် မြန်မာဒုက္ခသည်များအတွက် ကျန်းမာရေး စောင့်ရှောက်မှုများ ရရှိစေရေးစီစဉ် ဆောင်ရွက်ပေးရန်

## ကျန်းမာရေးစောင့်ရှောက်မှု ခံယူနေသည့် မြန်မာဒုက္ခသည်တွေ အဖမ်းစီးခံ၊ ငွေညှစ်ခံရခြင်းများ ကြုံနေရ

(ဘန်ကောက်၊ အောက်တိုဘာလ ၂၆၊ ၂၀၂၃ ခုနှစ်) — ထိုင်းအစိုးရအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုရယူရန် ကြိုးပမ်းနေသည့် မြန်မာဒုက္ခသည်များအား မတရားဖမ်းဆီးခြင်းနှင့် ငွေညှစ်ခြင်းများကို တားဆီးပိတ်ပင်၍ ထိုင်းနိုင်ငံရှိ ဒုက္ခသည်များအတွက် ကာကွယ်ပေးနိုင်သည့် တရားဝင်အခြေအနေတစ်ရပ်ကို စီစဉ်ဆောင်ရွက်သင့်သည်ဟု Fortify Rights အဖွဲ့အစည်းက ယနေ့ ပြောကြားခဲ့သည်။ Fortify Rights ၏ စုံစမ်းစစ်ဆေးမှု အသစ်တစ်ခုတွင် နယ်စပ်ဒေသ မဲဆောက်မြို့ရှိ ထိုင်းအာဏာပိုင်များ၏ ဖမ်းဆီးခြင်းနှင့် ခြိမ်းခြောက်ငွေညှစ်ခံရခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုကို တောင်းခံရန်အခက်အခဲရှိခြင်းစသည်တို့ကို မြန်မာဒုက္ခသည်များအနေဖြင့်မည်သို့ ရင်ဆိုင်နေရသည်ကို ဖော်ထုတ်ပြသထားသည်။

"ထိုင်းနိုင်ငံမှာရှိတဲ့ မြန်မာဒုက္ခသည်တွေအတွက် မရှိမဖြစ်လိုအပ်တဲ့ အများပြည်သူဆိုင်ရာ ကူညီထောက်ပံ့မှုများကို ရရှိနိုင်စေရန် ကာကွယ်ပေးနိုင်သည့် တရားဝင်အခြေအနေတစ်ရပ်ကို အရေးတကြီး လိုအပ်နေပါတယ်" ဟု Fortify Rights မှ Senior Advocacy Specialist ဖြစ်သူ Patrick Phongsathorn (ပတ်ထရစ် ဖော်န်စသွန်) က ပြောကြားခဲ့သည်။ "မဲဆောက်က ဒုက္ခသည်တွေဟာ အပြစ်ကျူးလွန်မှုမှ ကင်းလွတ်ခွင့် အပြည့်အဝရနေတဲ့ နယ်မြေခံရဲတွေရဲ့ လက်ထဲမှာ ရက်စက်ကြမ်းကြုတ်တဲ့ လုပ်ရပ်တွေနဲ့သာ ရင်ဆိုင်နေရပါတယ်။ ဒီအရာရှိတွေရဲ့ လုပ်ရပ်နဲ့ အဲ့ဒီအရာတွေကနေ ကာကွယ်ပေးလို့ရတဲ့ ဥပဒေနဲ့ညီတဲ့ တရားဝင်အခြေအနေတွေ မရှိတာက ထိုင်းနိုင်ငံရောက် မြန်မာဒုက္ခသည်တွေအတွက် အသက်အန္တရာယ်ကို ထိခိုက်နိုင်တဲ့အနေအထားထိ ဖြစ်နေပါတယ်။"

၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ အစပြု၍ Fortify Rights သည် ထိုင်း-မြန်မာနယ်စပ်ရှိ အမျိုးသမီး ၈ ဦး အပါအဝင် မြန်မာဒုက္ခသည် ၃၈ ဦးကို တွေ့ဆုံမေးမြန်းခဲ့သည်။ Fortify Rights သည် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ နယ်စပ်တလျှောက် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပတ်သက်ပြီး အသေးစိတ်အချက်အလက်တွေကို သိပြီး

United States
P.O. Box 110
Belfast, Maine, 04915
USA
+1 207 518 7983

Thailand
P.O. Box 56
Santisuk Post Office
Bangkok, Thailand 10113
+66 87 795 5454

Switzerland
78 Route de Florissant
CH 1206
Geneva

FORTIFY RIGHTS
#rights4all
fortifyrights.org
fortify.rights@fortifyrights.org

ပြောပြပေးနိုင်သူ လေးဦးနှင့်လည်း ဆွေးနွေးခဲ့သည်။ ဤသတင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသော မျက်မြင်သက်သေများနှင့် ဖမ်းစီးခံရမှုမှ လွတ်မြောက်လာသူများအားလုံး၏ အမည်များကို တုံ့ပြန်မှုများမှ အကာအကွယ်ပေးရန် အတွက် ပြောင်းလဲထားပါသည်။

မြန်မာနိုင်ငံ ရှမ်းပြည်နယ်က အသက် ၅၁ နှစ်အရွယ် "ဒေါ်ဆွေဇင်" သည် ၂၀၂၃ ခုနှစ် မေလ ၁၉ ရက်နေ့တွင် မဲဆောက်မြို့ ဆေးခန်းတစ်ခုတွင် လက်အဆစ်အမြစ်ရောင်ရောဂါ ကုသရန် ကြိုးပမ်းစဉ် နယ်ခံရဲများက သူမကို ဆေးခန်းသွားရာလမ်းမှာ တားဆီးခဲ့ပါသည်။

"နေ့လည် ၁ နာရီလောက်မှာ ကျွန်မတို့ကို ရဲတွေက ဆေးခန်းအနီးမှာ တားထားလိုက်တာ" ဟု "ဒေါ်ဆွေဇင်" က Fortify Rights သို့ပြောသည်။ "ကျွန်မတို့ စီးလာတဲ့ ဆိုင်ကယ် တက္ကစီသမားလည်း အဲ့လိုတားခံရတော့ ကြောက်သွားတာပေါ့။ ဆေးခန်းနဲ့ကလည်း အရမ်းနီးနေပြီ . . . အတားခံရတဲ့ နေရာကနေတောင် ဆေးခန်းရဲ့ ဆိုင်းဘုတ်ကို လှမ်းမြင်နေရတယ်" ဟု ဆိုသည်။

ထို့နောက် ထိုင်းရဲများက "ဒေါ်ဆွေဇင်" နှင့် ဆိုင်ကယ်အငှားယာဉ်မောင်းတို့ကို ဖမ်းဆီးကာ အနီးနားရှိ ရဲစခန်းသို့ ခေါ်ဆောင်ပြီး ၃ နာရီကြာ စစ်ဆေးမေးမြန်းခဲ့သည်။

"အဲဒီအချိန်ကတည်းက ဆေးခန်းကို မရောက်ဖြစ်တော့ဘူး . . . အဲဒီမှာ ဆေးကုရင် သက်သာမယ်ဆိုတာ သိပေမယ့် မစွန့်စားချင်တော့ဘူး" ဟု "ဒေါ်ဆွေဇင်" က ပြောသည်။

မြန်မာနိုင်ငံ ပဲခူးတိုင်း ဒေသကြီးမှ အသက် ၄၆ နှစ်အရွယ် "ဦးကျော်အေး" က ၂၀၂၃ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ဆီးချိုရောဂါ ကုသမှုခံယူနေစဉ်တွင် တစ်ရက်ထဲတွင် သုံးကြိမ် ရဲများ၏ တားဆီးစစ်ဆေးမေးမြန်းခံရကြောင်း Fortify Rights သို့ ပြောကြားခဲ့သည်။

> ပထမအကြိမ်က အတားခံရတုန်းက ဆေးခန်းသွားတဲ့လမ်းမှာပါ။ ယာဉ်ထိန်းရဲရုံးနားက လမ်းဆုံမှာ ကျွန်တော်တို့ ရပ်ခိုင်းပြီး စစ်ဆေးမေးမြန်းခံရတယ်။ ကျွန်တော်တို့ ဆေးခန်းသွားပြမလို့ပါဆိုပြီး ရှင်းပြလိုက်တော့ သူတို့ ထွက်သွားကြတယ်။ ဒုတိယအကြိမ် အတားခံရတာက ဆေးခန်းကနေ

> ကားလမ်းရဲ့ တစ်ဖက်ခြမ်းမှာ တားခံရတာပါ။ နောက်ဆုံးတစ်ခေါက်က အဲဒီနေ့ပဲ ဆေးခန်းကနေပဲ အပြန် မဲဆောက်ဈေးမှာပါ။

နယ်ခံရဲများ၏ လုပ်ဆောင်ချက်များသည် ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီနိုင်မှုအပေါ် သက်ရောက်မှုများနှင့် ပတ်သက်၍ "ဦးကျော်အေး" က "ဒီရဲစစ်ဆေးနေတာတွေနဲ့တော့ ကျွန်တော်လည်း တစ်နေ့သေမှာပဲလို့တောင် တွေးမိတယ် . . . ဆေးတောင် အချိန်မှီကုသခံလိုက်ရမှာ မဟုတ်ဘူး" ဟု Fortify Rights သို့ ပြောကြားခဲ့သည်။

Fortify Rights သည် ၂၀၂၂ ခုနှစ်အစောပိုင်းတွင် မဲဆောက်တွင် ကျန်းမာရေးစောင့်ရှောက်မှုရယူစဉ် ဆက်တိုက်ဖမ်းဆီးခြင်းခံခဲ့ရသော ပဲခူးတိုင်းဒေသကြီးမှ အသက် ၅၂နှစ် ရှိသူဖြစ်တဲ့ "ဒေါ်မိုးမိုး" နှင့်လည်း စကားပြောဆိုခဲ့သည်။

> ပထမအကြိမ် အဖမ်းခံရတာက ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတုန်းကပါ။ ကျွန်မရဲ့ ခန္ဓာကိုယ် ညာဘက်ခြမ်းက ကိုက်ခဲနေတာနဲ့ . . . မနက်စာစားပြီးချင်းပဲ အိမ်ကနေ ထွက်လာလိုက်တာ။ မနက် ၉း၃၀ လောက်မှာ ဆေးခန်းနားမှာ ရဲတွေက လမ်းမကြီးထောင့်မှာစောင့်နေပြီး ကျွန်မတို့ကို တားပြီးဖမ်းဆီးပါလေရော . . . လူကလည်း အရမ်းကိုနာကျင်ကိုက်ခဲနေခဲ့တာ။

ထိုင်းအာဏာပိုင်များက ၂၀၂၂ ခုနှစ် မတ်လတွင် "ဒေါ်မိုးမိုး" အား ခင်ပွန်းဖြစ်သူ၊ ကလေးနှစ်ဦးနှင့်အတူ COVID-19 ကာကွယ်ဆေးထိုးပြီး ဆေးခန်းမှပြန်လာစဉ် ထပ်မံဖမ်းဆီးခဲ့သည်။

Fortify Rights သည် မြန်မာစစ်ကောင်စီ၏ ပစ်မှတ်ထားဖမ်းဝရမ်းထုတ်ခံရသည့် ထိုင်းနိုင်ငံသို့ ထွက်ပြေးလာသော မြန်မာဆေးဘက်ဆိုင်ရာ ဆရာဝန်များနှင့်လည်း စကားပြောဆိုခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီးမှ အထွေထွေရောဂါကု ဆရာဝန်တစ်ဦးဖြစ်သူ အသက် ၃၀ အရွယ်ရှိ "ဦးမောင်မောင်" သည် အာဏာသိမ်းဆန့်ကျင်ရေး ဆန္ဒပြသူများအား ဆေးဝါးကုသပေးခဲ့ပြီး ကရင်ပြည်နယ်နှင့် ကယားပြည်နယ် (ကရင်နီ) ရှိ ပဋိပက္ခဖြစ်ပွားရာ ဒေသများတွင် ဆေးပေးခန်းများ ထူထောင်ပေးခဲ့သည်။ ၎င်းတို့နဲ့ သက်ဆိုင်သည့် ကိုယ်ရေးကိုယ်တာအချက်အလက်များကို မြန်မာစစ်တပ်နှင့် ဆက်စပ်သော တယ်လီဂရမ် (Telegram) ချန်နယ်

(channel) တွင် ဖြန့်ဝေခံခဲ့ရခြင်းက ၎င်းနှင့် ၎င်း၏ ဇနီးသည်တို့အတွက် အသက်အန္တရာယ်ကျရောက်စေသဖြင့် ၂၀၂၂ ခုနှစ် မတ်လတွင် မြန်မာနိုင်ငံမှ ထွက်ပြေးခဲ့ကြသည်။

မဲဆောက်သို့ ရောက်သောအခါ "ဦးမောင်မောင်" သည် မြန်မာနိုင်ငံတွင် ကူညီထူထောင်ပေးခဲ့သော ဆေးခန်းများကို ဆက်လက်ထောက်ပံ့ကူညီခဲ့သည်။ ၂၀၂၃ ခုနှစ် မတ်လတွင် ထိုင်းနယ်ခံရဲများက "ဦးမောင်မောင်" ၏ နေအိမ်ကို ဝင်ရောက်စီးနင်းပြီး မြန်မာနိုင်ငံရှိ စစ်မြေပြင်ရှိဆေးခန်းများသို့ လှူဒါန်းရန် သိုလှောင်ထားသော ဆေးဝါးများနှင့် အခြားပစ္စည်းကိရိယာများကို သိမ်းဆည်းခဲ့သည်။

"[ရဲ] က ကျွန်တော့်အိမ်ထဲထိ လိုက်ရှာပြီး ဆေးတွေကို တွေ့သွားတယ်" ဟု "ဦးမောင်မောင်" က Fortify Rights သို့ပြောသည်။ "ဆေးထိုးအပ်တွေနဲ့ ဆေးပုလင်းတွေကို တွေ့သွားတယ် . . . ကံဆိုးမိုးမှောင်ကျတာပါပဲ။" ထို့နောက် ရဲများက "ဦးမောင်မောင်" ကို ဖမ်းဆီးကာ ရဲစခန်းတွင် စစ်ဆေးမေးမြန်းခဲ့သည်။ "သူတို့က 'မင်းက ဆရာဝန်လား' လို့မေးတော့ ကျွန်တော်က 'မဟုတ်ပါဘူး။ ကျွန်တော်က [ထိုင်းနိုင်ငံမှာ] ဆရာဝန်မဟုတ်ပါဘူး။ ကျွန်တော်က မြန်မာနိုင်ငံက ဒုက္ခသည်တွေကိုပဲ ထောက်ပံ့ပေးနေတာပါ' လို့ပြောလိုက်ရတယ်။ သူတို့က ကျွန်တော် ဆရာဝန်မှန်းသာသိရင် ပိုက်ဆံပိုတောင်းကြမှာ" ဟု "ဦးမောင်မောင်" က ပြောကြားခဲ့သည်။

နောက်ဆုံးမှာတော့ ထိုင်းအာဏာပိုင်များသည် "ဦးမောင်မောင်" ကို ပြန်လွှတ်ပေးခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၀၀၀ ကျော်ကို ထိုင်းဘတ်ငွေဖြင့် နယ်ခံရဲကို ပေးဆောင်စေရန် သဘောတူပြီးနောက် ၎င်း၏ ဆေးဝါးနှင့် အခြားပစ္စည်းကိရိယာများကို ပြန်လည်ပေးအပ်ခဲ့သည်။ Fortify Rights သည် ဤငွေပေးချေမှုကို တရားမဝင်ဖွဲ့စည်းလုပ်ဆောင်နေသည့် ငွေညှစ်မှုဟု ယုံကြည်သည်။

"ဦးမောင်မောင်" သည် မဲဆောက်တွင် ထိုင်းရဲများ၏ ခြိမ်းခြောက်ငွေညှစ်ခံရသည်ဟု သတင်းပို့တိုင်ကြားသည့် ဒုက္ခသည်များစွာထဲမှ တစ်ဦးဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးမှ အသက် ၃၈ နှစ် ရှိ "ဦးကျော်မင်း" သည် ၎င်း၏ မျက်စိရောဂါကို မဲဆောက်မြို့ရှိ ကျန်းမာရေးဆေးခန်းတစ်ခုမှ ကုသပြီး ပြန်လာစဉ် ထိုင်းရဲများ၏ ဖမ်းဆီးခြင်းခံခဲ့ရသည်။ "ဆေးခန်းနဲ့ နှစ်ကီလိုမီတာကျော်လောက် (တစ်မိုင်နှင့်အထက်) ဝေးတဲ့ လမ်းပေါ်မှာ ရဲတွေက ကျွန်တော့်ကို ဖမ်းတာ" ဟု "ဦးကျော်မင်း" က ဆိုသည်။ ၎င်းမှ Fortify Rights ကို ဆက်လက်ပြောကြားသည်မှာ-

FORTIFY RIGHTS

ဘာသာပြန်သူ [ရဲစခန်းရှိ] က 'ပြန်ချင်ရင် ပိုက်ဆံတော့ပေးရမယ်' လို့ ရှင်းပြတယ်။ . . . 'မင်းမှာ ဘာအထောက်အထားမှမရှိဘူးဆိုတော့ ထိုင်းဘတ်ငွေ ၃၀,၀၀၀ ဒါမှမဟုတ် ၄၀,၀၀၀ ပေးရမယ်' လို့လည်း ပြောတယ်။ ကျွန်တော်က “ကျွန်တော့်မှာ ၅,၀၀၀၊ ၆,၀၀၀ (ထိုင်းဘတ်) လောက်ပဲပါတယ်' လို့ ပြန်ပြောတော့ သူတို့က “၈,၀၀၀” လို့ပြန်ပြောတယ်။ အိမ်ပြန်ဖို့ကို ဘတ် ၈,၀၀၀ (အမေရိကန်ဒေါ်လာ ၂၂၀) ပေးလိုက်ရတယ်” ဟူ၍ ပြောသည်။

၂၀၂၃ ခုနှစ် မေလ ၁၉ ရက်နေ့တွင် ထိုင်းအာဏာပိုင်များ၏ ဖမ်းဆီးခြင်းခံခဲ့ရသော “ဒေါ်ဆွေဇင်” က ထိုင်းရဲလက်တွင် ငွေညှစ်ခံရသည့် အတွေ့အကြုံကို ပြောပြခဲ့သည်မှာ “ကျွန်မက ကုသစရိတ် ပေးစရာ မလိုတဲ့ ဒေသခံပုဂ္ဂလိကဆေးခန်း ကို သွားမှာမလို့ ကျွန်မဆီမှာ ပိုက်ဆံမပါဘူး။ သူတို့တောင်းတဲ့ ငွေလည်း ကျွန်မမှာ မပါလာလို့ ကျွန်မကိုပဲ ဖမ်းလိုက်ပါလို့ပဲ ထိုင်းရဲတွေကို ပြောရပါတယ်။”

နောက်ဆုံးတွင် ရဲများက “ဒေါ်ဆွေဇင်” အား ထိုင်းဘတ်ငွေ ၅၀၀၀ (အမေရိကန်ဒေါ်လာ ၁၃၆) ပေးချေမှုဖြင့် ပြန်လွှတ်ပေးခဲ့သည်။ “အဲ့ဒီနောက် သူတို့ ကျွန်မကို လွှတ်ပေးလိုက်တယ်။ လက်မှတ်တွေ ဘာတွေတော့ မထိုးပေးလိုက်ရဘူး။ ပြီးတော့ ပြေစာလည်း မရဘူး" ဟု “ဒေါ်ဆွေဇင်” က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံရှိ ဒုက္ခသည်များအတွက် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိနိုင်ခြင်းကို တားဆီးနေသည့် အကြောင်းအရင်းများစွာထဲ၌ ဖမ်းဆီးခံရမည်ကို ကြောက်ရွံ့ခြင်း၊ တရားဝင်စာရွက်စာတမ်းအထောက် အထားမရှိခြင်း၊ ပြည်သူ့ကျန်းမာရေး အာမခံ စီမံချက်များ ရရှိနိုင်မှု မရှိခြင်းနှင့် ဘာသာစကား အခက်အခဲ ရှိခြင်းများ အထူးသဖြင့် အစိုးရဆေးရုံများနှင့် ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ အဆောက်အအုံများတွင် လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုများ လက်လှမ်းမမီခြင်း တို့ ပါဝင်ကြောင်းတွေ့ရှိခဲ့သည်။ အဆိုပါ အတားအဆီးများနှင့် ရင်ဆိုင်နေရသော မဲဆောက်ရှိ ဒုက္ခသည်များသည် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အခမဲ့ဆေးခန်းများကို မှီခိုနေကြရသည်။

၂၀၂၂ ခုနှစ်တွင် ထိုင်းနိုင်ငံမှာ ဆက်တိုက်ဆိုသလို အဖမ်းဆီးခံရပြီးနောက် ၎င်းနှင့် ၎င်း၏ မိသားစုအတွက် ကျန်းမာရေးစောင့်ရှောက်မှုရရှိနိုင်ရန် ကိုင်တွယ်ဖြေရှင်းပုံကို “ဒေါ်မိုးမိုး” က Fortify Rights သို့ ပြောပြခဲ့သည်။

**United States**
P.O. Box 110
Belfast, Maine, 04915
USA
+1 207 518 7983

**Thailand**
P.O. Box 56
Santisuk Post Office
Bangkok, Thailand 10113
+66 87 795 5454

**Switzerland**
78 Route de Florissant
CH 1206
Geneva

FORTIFY RIGHTS
#rights4all
fortifyrights.org
fortify.rights@fortifyrights.org

> ကျွန်မတို့ တတ်နိုင်သမျှ ကြိုးစားပြီး အိမ်မှာပဲ ဆေးတွေ စုဆောင်းထားကြတယ်။ ကျွန်မကလေးတွေ နေမကောင်းဖြစ်တဲ့အခါ ကျွန်မတို့အိမ်နားမှာဖွင့်ထားတဲ့ မြန်မာလူမျိုးရှိတဲ့ ဆေးဆိုင်တွေကိုပဲ အားကိုးရတယ်။ အဖမ်းဆီးခံရမှာ၊ ဒုက္ခရောက်မှာစိုးလို့ ရောဂါပြင်းထန်တဲ့ အခြေအနေမျိုး မဟုတ်ရင်တော့ ဆေးခန်းသွားတာကို ရှောင်ကြတယ်။

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အဆိုအရ ထိုင်းနိုင်ငံရှိ ယာယီဒုက္ခသည်စခန်း ၉ ခုတွင် မြန်မာနိုင်ငံမှ ဒုက္ခသည်ပေါင်း ၉၀,၀၀၀ ကျော်ရှိပြီး အထူးသဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် အာဏာသိမ်းပြီးနောက်ပိုင်း မဲဆောက်နှင့် ထိုင်းနိုင်ငံတဝှမ်း၌ မဖော်ပြနိုင်သော အခြားဒုက္ခသည်များ ခိုလှုံပုန်းအောင်းနေကြသည်။ မြန်မာနိုင်ငံမှာ အာဏာသိမ်းပြီးနောက်ပိုင်း ထိုင်းနိုင်ငံတွင် မြန်မာဒုက္ခသည် ၄၀,၀၀၀ ကျော် ခိုလှုံလာခဲ့သည်ဟု ထိုင်းအစိုးရက ၂၀၂၃ ခုနှစ် ဇွန်လ ၃၀ ရက်နေ့မှာ သတင်းထုတ်ပြန်သည်။ သို့သော် ဒုက္ခသည်အားလုံးနီးပါး မြန်မာနိုင်ငံသို့ ပြန်သွားကြပြီဖြစ်ကြောင်း ယုတ္တိမဲ့စွာ အခိုင်အမာပြောဆိုခဲ့ပါသည်။

ထိုင်းနိုင်ငံအနေဖြင့် နိုင်ငံတွင်းနှင့် နိုင်ငံတကာဥပဒေများအရ ဒုက္ခသည်များအပါအဝင် လူတိုင်းအတွက် ကျန်းမာရေးစောင့်ရှောက်မှု ပေးအပ်ရမည်ဟူသည့် တရားဥပဒေဆိုင်ရာတာဝန်တစ်ရပ်ရှိသည်။ ထိုင်းဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၁ တွင် “လူတိုင်းအနေဖြင့် သင့်လျော်သော စံချိန်စံညွှန်းမီ ပြည်သူ့ ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိနိုင်သည့် တန်းတူအခွင့်အရေးများ ခံစားရမည်” ဟု အာမခံထားသည်။

ထိုင်းနိုင်ငံသည် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့်အတူ အခိုင်အမာရပ်တည်ထားသည့် နိုင်ငံတော်တစ်ရပ်လည်းဖြစ်သည်။ ပုဒ်မ ၁၂ အရ ထိုင်းနိုင်ငံသည် "လူတိုင်းအနေဖြင့်  ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး စံနှုန်းကို အမြင့်ဆုံးစံနှုန်းဖြင့် ရရှိခံစားခွင့်ရှိသည်ကို အသိအမှတ်ပြုရန်" ကတိပြုထားသည်။ စာချုပ်၏ အပိုဒ် ၂ အရ ထိုင်းနိုင်ငံသည် နိုင်ငံသား သို့မဟုတ် လူ့အဆင့်အတန်းမူလဇစ်မြစ်ဖြစ်တည်မှုအပေါ် အခြေခံကာ ခွဲခြား ဆက်ဆံမှုမရှိသည့် ဤအခွင့်အရေးကို တာဝန်ယူမည်ဟုလည်း ကတိပြုထားပါသည်။

ထိုင်းနိုင်ငံသည် ၁၉၅၁ ခုနှစ် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာပဋိညာဉ်စာချုပ် သို့မဟုတ် ၎င်း၏ ၁၉၆၇ မူကြမ်း (ပရိုတိုကော) တွင် အဖွဲ့ဝင်မဟုတ်သော်လည်း ပဋိညာဉ်စာချုပ်တွင် ဒုက္ခသည် အကာအကွယ်ပေးရေး

**United States**
P.O. Box 110
Belfast, Maine, 04915
USA
+1 207 518 7983

**Thailand**
P.O. Box 56
Santisuk Post Office
Bangkok, Thailand 10113
+66 87 795 5454

**Switzerland**
78 Route de Florissant
CH 1206
Geneva

FORTIFY RIGHTS
**#rights4all**
fortifyrights.org
fortify.rights@fortifyrights.org

ဆိုင်ရာ တရားဝင် လမ်းညွှန်ချက်ကို စီစဉ်ပေးထားသည်။ ပဋိညာဉ်စာချုပ်၏ ပုဒ်မ ၂၃ အရ ဒုက္ခသည်များအနေဖြင့် ၎င်းတို့ ခိုလှုံခွင့် တောင်းခံထားသည့် နိုင်ငံတွင် နိုင်ငံသားများကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုရရှိရေးကို တန်းတူ ခံစားခွင့်ရှိသည်။

ထိုင်းနိုင်ငံရှိ ဒုက္ခသည်များကို အသိအမှတ်ပြုလက်ခံပေးပြီး ကာကွယ်ပေးသည့် ထိရောက်သော ဥပဒေမူဘောင် မရှိသောကြောင့် ဒုက္ခသည်များသည် ထိုင်းနိုင်ငံ၏ ၁၉၇၉ လူဝင်မှုကြီးကြပ်ရေးအက်ဥပဒေအရ ထိုင်းနိုင်ငံတွင်း တရားမဝင် ဝင်ရောက်မှု သို့မဟုတ် နေထိုင်မှုစသည့် ရာဇဝတ်မှုဆိုင်ရာ ပြစ်ဒဏ်များ ရင်ဆိုင်နေရသည်။ ထို့ကြောင့် ထိုင်းနိုင်ငံရှိ ဒုက္ခသည်များသည် မတရားဖမ်းဆီးချုပ်နှောင်ခြင်း ခံနေရသည်။ ထိုင်းနိုင်ငံတွင် တရားဝင်အခြေအနေမရှိခြင်းသည် ရွှေ့ပြောင်းအလုပ်သမားများအသုံးပြုသည့် ပြည်သူ့ကျန်းမာရေးအာမခံ အစီအစဉ်မှာ ဒုက္ခသည်များနေဖြင့် အကျုံးဝင်မှုမရရှိနိုင်ခြင်းကိုလည်း ဆိုလိုပါသည်။

၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် ထိုင်းအစိုးရသည် ထိုင်းနိုင်ငံရှိ ဒုက္ခသည်များကို ဟုတ်မှန်ကြောင်းသိရှိပြီး အကာအကွယ်ပေးနိုင်သည်ဟု ယူဆရသည့် ယန္တရားအသစ် National Screening Mechanism (NSM) ကို ဖန်တီးထားကြောင်း ကြေညာခဲ့သည်။ နှစ်ပေါင်းများစွာ ကြန့်ကြာပြီးနောက် NSM သည် စက်တင်ဘာလ ၂၂ ရက်၊ ၂၀၂၃ ခုနှစ် တွင် စတင်သက်ရောက်မှုရှိလာခဲ့သည်။ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ အဆိုအရ ရဲတပ်ဖွဲ့သည် စစ်ဆေးမှု လုပ်ငန်းစဉ်ကို စတင်ခဲ့ပြီး “အကာအကွယ်ပေးထားသော အဆင့်” ရရှိသူများသည် ကျန်းမာရေး စောင့်ရှောက်မှုအပြင် ပညာရေးနှင့် ယာယီနေထိုင်ခွင့်များပါ ရရှိမည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

Fortify Rights ၏ အစောပိုင်း သုံးသပ်ကြည့်ရှုမှုအရ NSM ကို ပံ့ပိုးပေးသည့် စည်းမျဉ်းဥပဒေများသည် မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့မှ ရွှေ့ပြောင်းအလုပ်သမားများ အပါအဝင် အချို့သော လူတစ်ဦးချင်းစီအား ထိုင်းနိုင်ငံတွင် အကာအကွယ်ရယူနိုင်ခြင်းမှ ဖယ်ထုတ်ထားသည့် အဓိပ္ပါယ်မဲ့ပြီး နိုင်ထက်စီးနင်းဆန်သည့် ပြဋ္ဌာန်းချက်များနှင့် ပတ်သက်၍ စိုးရိမ်ပူပန်ကြောင်း တင်ပြခဲ့ပါသည်။

ထိုင်းနိုင်ငံသည် ၁၉၅၁ ခုနှစ် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ ပဋိညာဉ်စာချုပ်နှင့် ၎င်း၏ မူကြမ်း (ပရိုတိုကော) ကို နှောင့်နှေးခြင်းမရှိဘဲ အတည်ပြုလက်မှတ်ရေးထိုးသင့်ပြီး တစ်ချိန်တည်းမှာပင် တရားဝင် မှတ်ပုံတင်ခြင်း၊ ယာယီ အကာအကွယ်ပေးနိုင်သည့် အခြေအနေတစ်ရပ်ဆောင်ရွက်ပေးခြင်းနှင့် မြန်မာဒုက္ခ

**United States**
P.O. Box 110
Belfast, Maine, 04915
USA
+1 207 518 7983

**Thailand**
P.O. Box 56
Santisuk Post Office
Bangkok, Thailand 10113
+66 87 795 5454

**Switzerland**
78 Route de Florissant
CH 1206
Geneva

FORTIFY RIGHTS
**#rights4all**
fortifyrights.org
fortify.rights@fortifyrights.org

သည်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို တန်းတူရရှိခွင့်ပေးသင့်ကြောင်း Fortify Rights မှ ပြောကြားခဲ့သည်။

“မြန်မာနိုင်ငံမှာ ဖြစ်ပွားနေတဲ့ ရာဇဝတ်မှုအန္တရာယ်တွေကနေ ထွက်ပြေးလာကြရတဲ့ လူတွေအပေါ် ထိုင်းနိုင်ငံရဲ့ ကိုင်တွယ်ဖြေရှင်းတဲ့ အခြေခံနည်းလမ်းက ချို့ယွင်းမှုပြဿနာတွေရှိနေပါတယ်။” ဟု Patrick Phongsathorn (ပတ်ထရစ် ဖော်နိစသွန်) က ပြောကြားခဲ့သည်။ “ထိုင်းအစိုးရသစ်အနေနဲ့ ဒီဖြေရှင်းနည်းကို ပြောင်းလဲဖို့ အခွင့်အရေးရှိပါတယ်။ မည်သူတစ်ဦးတစ်ယောက်ကမှ ကျန်းမာရေးစောင့်ရှောက်မှု ခံယူခြင်း၊ ဒုက္ခသည်ဖြစ်ခြင်းတို့ ကြောင့် ဖမ်းဆီးခံရဖို့ မသင့်ပါဘူး” ဟုလည်း ၎င်းကဆိုခဲ့သည်။

**သတင်း အချက်အလက်များ ထပ်မံသိရှိလိုပါက အောက်ပါလိပ်စာများထံသို့ဆက်သွယ်နိုင်ပါသည်။**


**Patrick Phongsathorn (ပတ်ထရစ် ဖော်နိစသွန်)၊ Senior Advocacy Specialist, Fortify Rights**

**ဘာသာစကားများ** - အင်္ဂလိပ်၊ ထိုင်း

+66 94 696 8477 (Thailand)

**အီးမေးလ်** - Patrick.Phongsathorn@FortifyRights.org

**တွစ်တာ/X** - @Patrick_Phongsa, @FortifyRights

**Matthew Smith (မက်သရူး စမစ်)၊ အမှုဆောင်အရာရှိချုပ်၊ Fortify Rights**

**ဘာသာစကားများ** - အင်္ဂလိပ်

+66 85 028 0044 (Signal; WhatsApp)

+1 202 503 8032 (U.S.)

**အီးမေးလ်** - Matthew.Smith@FortifyRights.org

**တွစ်တာ/X** - @MatthewFSmith, @FortifyRights